# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၃၃/ ၂၀၂၄) ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ(၂၁) ရက်

| ၂၁- ၁၁- ၂၀၂၄ | |
|---|---|
| ငွေကြေးအမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂,၁၀၀.၀ |
| ယူရို | ၂,၂၁၃.၃ |
| စင်္ကာပူဒေါ်လာ | ၁,၅၆၅.၂ |
| စတာလင်ပေါင် | ၂,၆၅၃.၉ |
| ဂျပန်ယန်း (၁၀၀) | ၁,၃၆၀.၂ |
| တရုတ်ယွမ် | ၂၉၀.၁၆ |
| ဟောင်ကောင်ဒေါ်လာ | ၂၆၉.၈၃ |
| အိန္ဒိယရူပီး | ၂၄.၈၆၀ |
| ကိုရီးယားဝမ် (၁၀၀) | ၁၅၀.၂၆ |
| မလေးရှားရင်းဂစ် | ၄၇၀.၈၅ |
| ဖိလစ်ပိုင်ပီဆို | ၃၅.၅၉၀ |
| ထိုင်းဘတ် | ၆၀.၆၇၀ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၂၆၀၀ |

လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com

## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

- တရုတ်နိုင်ငံ၏ အစေ့အဆန်စားသုံးမှုသည် မြင့်တက်လာလျက်ရှိပြီး လူတစ်ဦးချင်း စားသုံးမှုသည် ၂၀၃၀ ပြည့်နှစ်တွင် နှစ်ဆတိုးလာမည်
- တရုတ်နိုင်ငံသို့ ရထားလမ်းမှ ပထမဆုံးအကြိမ် တင်သွင်းလာသော ဗီယက်နမ် အုန်းသီးများသည် ကွမ်ရှီးဒေသ၌ အကောက်ခွန်ရှင်းလင်းရေး ဆောင်ရွက်ခဲ့
- ရုရှားခေတ်မြေသြဇာ အိန္ဒိယသို့ တင်ပို့မှုဝေစု ၂၈ ရာခိုင်နှုန်းထိ တိုးတက်

- **အထွေထွေသတင်းများ**

- တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုသည် ပိုမိုခိုင်မာသော စီးပွားရေးအရှိန်အဟုန်ကို ပြသလျက်ရှိ
- အီးယူက တရုတ်နိုင်ငံထုတ် EV များအပေါ် အခွန်စည်းကြပ်ပြီးနောက် တရုတ်နှင့် ဥရောပသမဂ္ဂတို့အကြား စျေးနှုန်းညှိနှိုင်းမှုဆောင်ရွက်ခဲ့
- ၂၀၂၄ ခုနှစ်၊ ပထမ (၁၀)လအတွင်း တရုတ်နှင့် APEC အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှုသည် ယွမ် (၂၁)ထရီလီယံကျော်အထိ စံချိန်တင်မြင့်မားခဲ့
- ရုရှားနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အလုပ်သမားများလိုအပ်နေကြောင်း ရုရှားသမ္မတ ပြောကြား

- ရုရှားရှိ "Etalon" ကုမ္ပဏီအုပ်စုသည် မြန်မာနှင့် ဗီယက်နမ်တို့မှ ဆောက်လုပ်ရေးသမားများကို ခေါ်ယူရန် စီစဉ်လျက်ရှိ
- ရုရှားနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုပိုငွေသည် ၉ လအတွင်း ကန်ဒေါ်လာ ၁၁၄.၉ ဘီလီယံအထိ မြင့်တက်
- အိန္ဒိယနိုင်ငံ၏ အောက်တိုဘာလ လက်လီ ငွေကြေးဖောင်းပွမှုနှုန်းသည် ဗဟိုဘဏ်၏ သည်းခံနိုင်မှု ကန့်သတ်ချက် (Tolerance limit) ကို ကျော်လွန်ဖွယ်ရှိ
- အိန္ဒိယ MSME များအနေဖြင့် အပေါင်ပစ္စည်းတစ်စုံတစ်ရာမပါပဲ ငွေချေးငှားနိုင်တော့မည်

# တရုတ်နိုင်ငံ၏ အစေ့အဆန်စားသုံးမှုသည် မြင့်တက်လာလျက်ရှိပြီး လူတစ်ဦးချင်း စားသုံးမှုသည် ၂၀၃၀ ပြည့်နှစ်တွင် နှစ်ဆတိုးလာမည်

မကြာသေးမီက အမေရိကန်စိုက်ပျိုးရေးဌာန(USDA)၏ နိုင်ငံခြားစိုက်ပျိုးရေးဝန်ဆောင်မှုဌာနမှ ထုတ်ပြန်သည့် Tree Nuts Annual report အရ တရုတ်နိုင်ငံ၏ အစေ့အဆန်စားသုံးမှုသည် လွန်ခဲ့သည့်(၅)နှစ်အတွင်း တစ်နှစ်လျှင် (၅)ရာခိုင်နှုန်းတိုးလာခဲ့ပြီး လူတစ်ဦးချင်း စားသုံးမှုသည် ၂၀၃၀ ပြည့်နှစ်တွင် (၁)ကီလိုဂရမ်အထိ ရောက်ရှိမည်ဖြစ်ကာ ၂၀၂၃ ခုနှစ်ကထက် နှစ်ဆနီးပါး မြင့်တက်လာမည်ဟု ခန့်မှန်းထားကြောင်း သိရပါသည်။

ယခင်နှစ်က တရုတ်နိုင်ငံ၏ အစေ့အဆန် တင်သွင်းမှုသည် စုစုပေါင်း မက်ထရစ်တန် (၄၂၇,၀၀၀)ရှိခဲ့ပြီး ကမ္ဘာပေါ်တွင် မက္ကဒေးမီးယားအများဆုံးတင်သွင်းသူ၊ ပီစတာချီယို ဒုတိယအများဆုံးတင်သွင်းသူနှင့် ဗာဒံစေ့တတိယအများဆုံးတင်သွင်းသူအဖြစ် ရပ်တည်လျက်ရှိကြောင်း၊ ကမ္ဘာ့အစေ့အဆန် ရောင်းလိုအားတိုးလာခြင်း၊ စားသုံးသူများ၏ကြိုက်နှစ်သက်မှု ပြောင်းလဲလာခြင်းနှင့် အစေ့အဆန်ထုတ်ကုန်များကို ဆန်းသစ်တီထွင်လာခြင်းတို့သည် တရုတ်နိုင်ငံ၏ အစေ့အဆန်တင်သွင်းမှု ဆက်တိုက်မြင့်တက်လာစေရန် အထောက်အကူပြုမည်ဟု မျှော်လင့်ရကြောင်း သိရပါသည်။

တရုတ်နိုင်ငံတွင် အစေ့အဆန်စားသုံးမှုသည် အခြားနိုင်ငံများနှင့်နှိုင်းယှဉ်ပါက နည်းပါးနေသေးသော်လည်း အစားအသောက်ပုံစံများ ပြောင်းလဲလာခြင်းကြောင့် မကြာမီကာလအတွင်း တရုတ်နိုင်ငံ၏ အစေ့အဆန်စားသုံးမှုမှာ တိုးလာမည်ဟု မျှော်လင့်ရကြောင်း သိရသည်။ ကပ်ရောဂါလွန်ကာလတွင် စားသုံးသူများသည် အစားအသောက်၏အာဟာရတန်ဖိုးနှင့် လုပ်ဆောင်ချက်များကို ပိုမိုအလေးထားလာသောကြောင့် ကျန်းမာရေးနှင့်ညီညွတ်သော သရေစာများဖြစ်သည့် အစေ့အဆန်များသည် မကြာသေးမီက မြို့ပြရှိ လူလတ်တန်းစားများအကြား အလွန်ရေပန်းစားလာခဲ့ကြောင်း သိရသည်။

International Nut and Dried Fruit Council(INC) ၏ အချက်အလက်များအရ တရုတ်နိုင်ငံ၏ အစေ့အဆန် စားသုံးမှုသည် လွန်ခဲ့သော (၅)နှစ်အတွင်း တစ်နှစ်လျှင် ၅ ရာခိုင်နှုန်းတိုးလာကာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်နှစ်လျှင် မက်ထရစ်တန်ချိန် (၈)သန်း (kernel equivalent) ရှိရာ ကမ္ဘာ့စုစုပေါင်း၏ (၁၅)ရာခိုင်နှုန်းရှိကြောင်း၊ INC ၏ ကိန်းဂဏန်းများအရ ၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံရှိ လူတစ်ဦးချင်း၏ အစေ့အဆန်စားသုံးမှုသည် (၀.၅၆)ကီလိုဂရမ် ရှိပြီး၊ ၎င်းမှာ

အမေရိကန်တွင် စားသုံးသော (၂.၆)ကီလိုဂရမ်၏ ငါးပုံတစ်ပုံခန့်နှင့် တောင်ကိုရီးယားတွင် စားသုံးသည့် (၁.၉၈)ကီလိုဂရမ်၏ တစ်ဝက်ခန့်ဖြစ်ကြောင်း၊ တိုးတက်မှု အလားအလာများကြောင့် INC သည် တရုတ်နိုင်ငံ၌ လူတစ်ဦးချင်း အစေ့အဆန်စားသုံးမှုသည် ၂၀၃၀ ပြည့်နှစ်တွင် (၁)ကီလိုဂရမ်အထိ ရောက်ရှိနိုင်ပြီး ၂၀၂၃ ခုနှစ်ထက် နှစ်ဆနီးပါးရှိလာမည်ဟု ခန့်မှန်းထားခြင်းဖြစ်ကြောင်း သိရသည်။

ယခုနှစ် နွေဦးပွဲတော်အားလပ်ရက်အတွင်း စုဆောင်းရရှိထားသော ဈေးကွက်သုတေသနအချက်အလက်များအရ အစေ့အဆန်လက်ဆောင်ဗူးများ(ဖြေဆိုသူ ၄၆.၃ ရာခိုင်နှုန်းမှ ရွေးချယ်ထား)သည် လက်ဖက်ခြောက်လက်ဆောင်ဗူးများ (၃၆.၄ ရာခိုင်နှုန်း)နှင့် Baijiu (တရုတ် အရက် ၃၄.၄ ရာခိုင်နှုန်း) တို့ကို ကျော်တက်ကာ လူကြိုက်အများဆုံး လက်ဆောင်ဗူး အမျိုးအစားအဖြစ် ရှိနေကြောင်း သိရသည်။

တရုတ်နိုင်ငံတွင် အစေ့အဆန်များကို ပထမတန်းစားမြို့ကြီးများနှင့် နိုင်ငံအရှေ့ပိုင်းရှိ ကမ်းရိုးတန်းဒေသများတွင် နေထိုင်သော လူလတ်တန်းစားနှင့် အထက်တန်းစားများက အဓိက စားသုံးကြကြောင်း၊ ထို့အပြင် စားသုံးသူများ၏ (၆၂)ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်ပြီး ၎င်းတို့အနက် (၅၃) ရာခိုင်နှုန်းသည် အသက် (၃၄)နှစ်အောက်အမျိုးသမီးငယ်များဖြစ်ကြောင်း၊ ပုဂ္ဂလိက သုတေသနအေဂျင်စီတစ်ခု၏ အချက်အလက်များအရ တရုတ်စားသုံးသူ (၅၀)ရာခိုင်နှုန်းသည် တစ်ပတ်လျှင် အနည်းဆုံးတစ်ကြိမ် အစေ့အဆန်များကို ဝယ်ယူကြပြီး တစ်ကြိမ်ဝယ်ယူပါက တရုတ်ယွမ် ၁၀၀ (၁၃.၈၆ ဒေါ်လာ) ကျော်သုံးစွဲကြကြောင်း သိရသည်။

အစေ့အဆန်အသုံးပြုသည့်နည်းလမ်းသစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆက်တိုက် ဆောင်ရွက်လျက်ရှိရာ တရုတ်နိုင်ငံတွင် အစေ့အဆန်စားသုံးမှု မြင့်တက်လာမည်ဟု လုပ်ငန်းကျွမ်းကျင်သူများက ခန့်မှန်းထားကြောင်း၊ လက်ရှိတွင် တရုတ်၏ အစေ့အဆန်ဈေးကွက်ကို သရေစာထုတ်ကုန်များက ကြီးစိုးနေပြီး ပြုပြင်ထားသော အစေ့အဆန်များမှပြုလုပ်သော အစားအစာများ၏ ဈေးကွက်ဝေစုမှာ အနည်းငယ်မျှသာရှိကြောင်း သိရသည်။

အစေ့အဆန်မှထုတ်လုပ်သည့်ထောပတ်များ၊ အစေ့အဆန်ဆီများ၊ အမှုန့်များနှင့် အစေ့အဆန်ဖြင့်ပြုလုပ်ထားသည့်ဖျော်ရည်များသည် အစေ့အဆန်များကို တရုတ်စားသောက်မှုပုံစံ၌ ပေါင်းစည်းနိုင်သည့် နည်းလမ်းအချို့ဖြစ်ကြောင်း၊ မကြာသေးမီနှစ်များအတွင်း အစားအသောက်များ ချက်ပြုတ်ရာ၌ အစေ့အဆန်များကို အသုံးပြုမှုသည် ကမ္ဘာတစ်ဝန်းတွင် အဆက်မပြတ် ကျယ်

Agribusiness & Trade

ပြန့်လာခဲ့ကြောင်း၊ ဥပမာအားဖြင့် မက္ကဒေးမီးယားကို ဖျော်ရည်ထုတ်ကုန်များတွင် ထည့်သွင်းခြင်း (သို့မဟုတ်) နို့မဟုတ်သောဖျော်ရည်များအတွက် အပင်အခြေခံအဖြစ် အသုံးပြုနိုင်ကြောင်း သိရသည်။

အပင်အခြေခံအစားအစာများသည် တရုတ်နိုင်ငံတွင် ပိုမိုရေပန်းစားလာပြီး အစေ့အဆန်များအတွက် ဈေးကွက်အခွင့်အလမ်းများစွာကို ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ တရုတ်နိုင်ငံ၏ အပင်အခြေခံစားသောက်ကုန်လုပ်ငန်းသည် လွန်ခဲ့သည့် (၅)နှစ်အတွင်း တစ်နှစ်လျှင် (၁၄)ရာခိုင်နှုန်းဖြင့် တိုးတက်ခဲ့ပြီး ၎င်း၏တန်ဖိုးသည် ၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ (၁၃)ဘီလီယံအထိ ရှိလာခဲ့ကြောင်း၊ ထို့အပြင် အပင်အခြေခံအစားအစာနှင့် ဖျော်ရည်ထုတ်လုပ်သည့် လုပ်ငန်းအရေအတွက်သည် ယခုအခါ (၈၀၀၀)ကျော်အထိ ရှိလာခဲ့ပြီဖြစ်ကြောင်း သိရသည်။

တရုတ်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ China Academy of International Trade and Economic Cooperation မှ ၂၀၂၄ ခုနှစ်၊ မေလတွင် ထုတ်ပြန်ခဲ့သော အစေ့အဆန်ကုန်သွယ်မှုနှင့် စားသုံးမှုအစီရင်ခံစာအရ တရုတ်နိုင်ငံ၏ အစေ့အဆန်တင်သွင်းမှုနှင့် တင်ပို့မှုသည် ၂၀၁၅ ခုနှစ်ကတည်းက မြင့်တက်လာခဲ့ကြောင်း၊ အစေ့အဆန် တင်သွင်းမှုသည် ၂၀၁၅ ခုနှစ်တွင် (၁၁၇,၀၀၀)မက်ထရစ်တန်ရှိခဲ့ရာမှ ၂၀၂၃ ခုနှစ်တွင် (၄၂၇,၀၀၀)မက်ထရစ်တန်သို့ မြင့်တက်လာခဲ့ပြီး တင်ပို့မှုမှာ (၆၃,၀၀၀)မက်ထရစ်တန်မှ (၂၉၉,၀၀၀)မက်ထရစ်တန်အထိ မြင့်တက်လာခဲ့ကြောင်း၊ တရုတ်နိုင်ငံသည် စားသောက်ကုန် ပြုပြင်ထုတ်လုပ်သည့် လုပ်ငန်းများကို တိုးချဲ့ခြင်းနှင့် pecans ကဲ့သို့သော လူကြိုက်များသော နိုင်ငံခြားအခွံမာသီး အမျိုးအစားများကို ပြည်တွင်း၌ စိုက်ပျိုးရာတွင် အခက်အခဲရှိခြင်းတို့ကြောင့် တရုတ်နိုင်ငံသည် အစေ့အဆန်တင်သွင်းသူအဖြစ် ဆက်လက်တည်ရှိနေဖွယ်ရှိကြောင်း သိရသည်။

INC ၏ အချက်အလက်အရ တရုတ်နိုင်ငံ၏ အစေ့အဆန် တင်သွင်းမှုသည် ၂၀၂၃ ခုနှစ်တွင် (၅)နှစ်တာအတွင်း အမြင့်ဆုံးသို့ ရောက်ရှိခဲ့ကြောင်း၊ သို့သော်လည်း မကြာသေးမီက စီးပွားရေးအကြပ်အတည်းများကြောင့် တရုတ်စားသုံးသူများသည် ဈေးနှုန်းကို ထိလွယ်ရှလွယ်ဖြစ်ကြရာ အစားအစာထုတ်လုပ်သူများသည် ဈေးကွက်၌ ဆက်လက်ယှဉ်ပြိုင်နိုင်ရေးအတွက် ကုန်ကျစရိတ်များကို လျှော့ချရန် ကြိုးစားခဲ့ကြကြောင်း၊ ရလဒ်အနေဖြင့် ပြည်ပမှ အစေ့အဆန်များ တင်သွင်းသည့်အခါ ကုန်ကျစရိတ်ကို ပိုမိုသတိထားလာကြကြောင်း သိရသည်။

Agribusiness & Trade

တရုတ်နိုင်ငံသည် မက္ကဒေးမီးယား တင်သွင်းမှုတွင် ကမ္ဘာ့အဆင့်၌ ထိပ်ဆုံးမှ ရပ်တည်နေကာ ပြီးခဲ့သည့် သုံးနှစ်အတွင်း အခွံနှင့် အခွံပါ မက္ကဒေးမီးယား ဝယ်ယူတင်သွင်းမှုသည် နှစ်ဆတိုးလာခဲ့ကြောင်း၊ အကျိုးဆက်အနေဖြင့် ကမ္ဘာတစ်ဝန်း၌ ရောင်းလိုအား မြင့်တက်လာပြီး ဈေးနှုန်းများ ကျဆင်းလာကြောင်း၊ တရုတ်၊ ဥရောပနှင့် အမေရိကန်တို့၏ ဝယ်လိုအားကြောင့် ကမ္ဘာ့မက္ကဒေးမီးယား တင်သွင်းမှု လျင်မြန်စွာတိုးလာသော်လည်း ၂၀၂၄/၂၅ တွင် အစေ့အဆန် တင်သွင်းမှုသည် နှေးကွေးသွားလိမ့်မည်ဖြစ်ပြီး ဈေးနှုန်းလည်း မြင့်တက်လာမည်ဟု လုပ်ငန်းရှင်များက ခန့်မှန်းထားကြကြောင်း၊ တောင်အာဖရိကသည် မက္ကဒေးမီးယားအထွက်နှုန်း လျင်မြန်စွာ တိုးလာခြင်းကြောင့် တရုတ်နိုင်ငံသို့ မက္ကဒေးမီးယား အဓိကရောင်းချသူဖြစ်လာပြီး တရုတ်နိုင်ငံရှိ ဈေးကွက်ဝေစု၏ ထက်ဝက်ခန့်ကို ရရှိထားကြောင်း၊ ထို့အပြင် ဩစတြေးလျနှင့် ကင်ညာတို့ကလည်း တရုတ်နိုင်ငံသို့ မက္ကဒေးမီးယားများ အဓိကရောင်းချသူများ ဖြစ်လာကြောင်း သိရသည်။

တစ်ချိန်တည်းမှာပင် ၂၀၂၃ ခုနှစ်၌ တရုတ်သည် ဥရောပသမဂ္ဂပြီးနောက် ကမ္ဘာ့ဒုတိယအကြီးဆုံး pistachios ဝယ်ယူသူဖြစ်လာကြောင်း၊ တရုတ်နိုင်ငံသည် pistachios အများစုကို အမေရိကန်ပြည်ထောင်စုမှ တင်သွင်းပြီး စုစုပေါင်း တင်သွင်းမှု၏ (၈၀)ရာခိုင်နှုန်းကျော်ရှိကြောင်း၊ ကယ်လီဖိုးနီးယားပြည်နယ်တွင် pistachios စံချိန်တင် ထုတ်လုပ်နိုင်မှုနှင့် အီရန်မှ ရောင်းချမှု အကန့်အသတ်များကြောင့် ယခင်နှစ်က တရုတ်၏ အမေရိကန်မှ pistachios တင်သွင်းမှုသည် (၁၄၀)ရာခိုင်နှုန်းတိုးလာကြောင်း၊ ၂၀၂၄/၂၅ တွင် တရုတ်၏ pistachios ဝယ်လိုအားသည် ဆက်လက်မြင့်မားနေမည်ဟု ခန့်မှန်းထားသော်လည်း အမေရိကန်မှ တင်သွင်းမှုသည် ၂၀၂၃/၂၄ နှင့် နှိုင်းယှဉ်ပါက ကျဆင်းဖွယ်ရှိကြောင်း၊ တရုတ်သည် pistachio ကို အီရန်မှ ဒုတိယအများဆုံး တင်သွင်းရာ လာမည့်နှစ်တွင် pistachio ရောင်းချမှု ပြန်လည်ကောင်းမွန်လာခြင်းကြောင့် အီရန်မှ တင်သွင်းမှုတိုးလာမည်ဟု ခန့်မှန်းထားကြောင်း၊ ကမ္ဘာ့ဒုတိယအများဆုံး pistachios ထုတ်လုပ်သည့် တူရကီသည် တရုတ်နိုင်ငံသို့ pistachio အဓိက ရောင်းချသူမဟုတ်သော်လည်း တူရကီ၏ ထုတ်လုပ်မှုသည် ယခုနှစ်တွင် နှစ်ဆတိုးလာမည်ဖြစ်၍ တရုတ်အနေဖြင့် တူရကီမှ တင်သွင်းမှုတိုးလာနိုင်ကြောင်း သိရသည်။

အခြားအစေ့အဆန်တစ်မျိုးဖြစ်သည့် ဗာဒံစေ့ကို တရုတ်နိုင်ငံမှ တင်သွင်းမှုသည် ဥရောပသမဂ္ဂနှင့် အိန္ဒိယနိုင်ငံတို့ပြီးလျှင် ၂၀၂၃ ခုနှစ်တွင် ကမ္ဘာ့တတိယအဆင့်သို့ ရောက်ရှိခဲ့ကြောင်း၊ အမေရိကန်အပါအဝင် ဗာဒံစေ့အဓိကထုတ်လုပ်သည့် နိုင်ငံများအားလုံး၌ ဗာဒံစေ့ခူးဆွတ်လျက်ရှိရာ

Agribusiness & Trade

တရုတ်နိုင်ငံ၏ တင်သွင်းမှုသည် ၂၀၂၄/၂၅ တွင် မြင့်တက်လာမည်ဟု ခန့်မှန်းရကြောင်း၊ ၂၀၂၃/၂၄ တွင် ကယ်လီဖိုးနီးယားနှင့် ဩစတြေးလျတို့တွင် (၅)နှစ်အတွင်း ထုတ်လုပ်မှုအနိမ့်ဆုံးသို့ ရောက်ရှိသွားသောကြောင့် တရုတ်၏ ဗာဒံစေ့တင်သွင်းမှုသည် သုံးပုံတစ်ပုံခန့် ကျဆင်းသွားခဲ့ပြီး ရောင်းလိုအားပြတ်လပ်မှုကို ကြုံတွေ့ခဲ့ရကြောင်း၊ ဩစတြေးလျဗာဒံစေ့များသည် နှစ်နိုင်ငံကြား လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက်ကြောင့် ဈေးကွက်ဝေစု လျင်မြန်စွာ ရရှိနေသော်လည်း အမေရိကန်ပြည်ထောင်စုသည် တရုတ်နိုင်ငံ၏ ဗာဒံစေ့ အဓိကတင်သွင်းရောင်းချသူအဖြစ် ဆက်လက်ရှိနေကြောင်း၊ တရုတ်နိုင်ငံသည် စပိန်နိုင်ငံမှ ဗာဒံစေ့များကို စတင်တင်သွင်းနေသော်လည်း ပမာဏမှာ နည်းပါးနေသေးကြောင်း သိရသည်။

ပြည်ပသို့ အစေ့အဆန်တင်ပို့မှုအနေဖြင့် ပြည်တွင်းထုတ်လုပ်မှု တိုးတက်လာခြင်းကြောင့် တရုတ်နိုင်ငံ၏ သစ်ကြားသီးများ တင်ပို့မှုမှာ ၂၀၂၄/၂၅ ရာသီတွင်လည်း ဆက်လက်မြင့်တက်နေမည်ဖြစ်ကြောင်း၊ တရုတ်သစ်ကြားသီးကို အရှေ့အလယ်ပိုင်းနှင့် အာရှအလယ်ပိုင်းနိုင်ငံများ အထူးသဖြင့် အာရပ်စော်ဘွားများပြည်ထောင်စုနှင့် ကာဂျစ္စတန်နိုင်ငံများသို့ တင်ပို့ခြင်းဖြစ်ကြောင်း သိရသည်။

အလားတူ ပြည်တွင်းထုတ်လုပ်မှု မြင့်တင်လာမှုကြောင့် တရုတ်နိုင်ငံသည် အခွံပါမက္ကဒေးမီးယားများကို နိုင်ငံတကာဈေးကွက်များသို့ တင်ပို့ခဲ့ပြီး အဓိကအားဖြင့် ဩစတြေးလျနှင့် အမေရိကန်တို့ဖြစ်ကြောင်း၊ အခြားတစ်ဖက်တွင်မူ အခွံနှင့် အခွံခွာထားသော တရုတ်နိုင်ငံမှ ဗာဒံစေ့များကို ဗီယက်နမ်နိုင်ငံကဲ့သို့ အိမ်နီးချင်းနိုင်ငံများကို အဓိကတင်ပို့ပြီး တင်ပို့သည့် ပမာဏသည် ယခုအချိန်အထိ အနည်းငယ်မျှသာရှိသော်လည်း တဖြည်းဖြည်း တိုးလာကြောင်း သိရသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်းမြို့

Source: https://www.producereport.com/article/chinas-surging-nut-consumption-capita-intake-set-double-2030

……………………………………………………………………………………………………..

Agribusiness & Trade

## တရုတ်နိုင်ငံသို့ ရထားလမ်းမှ ပထမဆုံးအကြိမ် တင်သွင်းလာသော ဗီယက်နမ်အုန်းသီးများသည် ကွမ်ရှီးဒေသ၌ အကောက်ခွန်ရှင်းလင်းရေးဆောင်ရွက်ခဲ့

တရုတ်နိုင်ငံသို့ ရထားလမ်းမှ ပထမဆုံးအကြိမ် တင်သွင်းလာသော ဗီယက်နမ်အုန်းသီးများသည် ကွမ်ရှီးဒေသရှိ Pingxiang မီးရထားဘူတာသို့ အောက်တိုဘာလ (၃၀)ရက်နေ့တွင် ရောက်ရှိလာခဲ့ကြောင်း၊ ယွမ် (၁၆၀,၀၀၀) (အမေရိကန်ဒေါ်လာ ၂၂,၄၆၇) တန်ဖိုးရှိသော အုန်းသီးများသည် ဗီယက်နမ်နိုင်ငံ Binh Duong ပြည်နယ်မှ အောက်တိုဘာလ (၂၅)ရက်နေ့တွင် စတင်ထွက်ခွာခဲ့ပြီး ကွမ်တုန်းပြည်နယ်သို့ ဆက်လက်ပို့ဆောင်မည်ဖြစ်ကြောင်း၊ ယင်းသည် ဗီယက်နမ်မှ အုန်းသီးအချို့များကို တရုတ်နိုင်ငံသို့ ရထားလမ်းမှ စတင်တင်သွင်းခြင်းဖြစ်ကြောင်း သိရှိရပါသည်။

အုန်းသီးများသည် အလေးချိန်ရှိပြီး တာရှည်ခံသောကြောင့် ရထားဖြင့် သယ်ယူပို့ဆောင်ရန်အတွက် သင့်လျော်ကြောင်း၊ ကုန်းလမ်းမှ ကားဖြင့်သယ်ယူပို့ဆောင်ခြင်းနှင့် နှိုင်းယှဉ်ပါက ရထားဖြင့် ပို့ဆောင်မှုသည် ကုန်ကျစရိတ်သက်သာသော ထောက်ပံ့ပို့ဆောင်ရေးနည်းလမ်းတစ်ခု ဖြစ်ကြောင်း Guangxi Xinjiu International Logistics ၏ အကြီးအကဲ Li Jian က ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

ဩဂုတ်လ (၁၉)ရက်နေ့တွင် တရုတ်နှင့် ဗီယက်နမ်နိုင်ငံတို့အကြား အပင်ပိုးမွှားကင်းရှင်းရေးသဘောတူညီချက်ကို လက်မှတ်ရေးထိုးပြီးနောက် ဗီယက်နမ်မှ လတ်လတ်ဆတ်ဆတ် အုန်းသီးစိမ်းများကို ကုန်းလမ်းဖြင့် အဓိက တင်သွင်းခဲ့ကြောင်း သိရှိရပါသည်။

လက်ရှိတွင် ရထားလမ်းကိုပါ အသုံးပြုနိုင်ပြီဖြစ်၍ တရုတ်နှင့် ဗီယက်နမ်နိုင်ငံတို့အကြား လယ်ယာထွက်ကုန်များ ကုန်သွယ်မှုကို ပိုမိုမြှင့်တင်နိုင်မည်ဖြစ်ကြောင်းနှင့် မျှော်လင့်ထားသော အနာဂတ်ကို တည်ဆောက်ရာတွင် နှစ်နိုင်ငံအကြား စီးပွားရေးဆက်ဆံမှုများ ပိုမိုအားကောင်း လာခြင်းကိုလည်း သက်သေပြနေကြောင်း သိရှိရပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်းမြို့

Source: en.gxzf.gov.cn/2024-11/04/c_1041637.htm

.......................................................................................................

Agribusiness & Trade

## ရုရှားခတ်မြေဩဇာ အိန္ဒိယသို့ တင်ပို့မှုဝေစု ၂၈ ရာခိုင်နှုန်းထိ တိုးတက်

၂၀၂၄ ခုနှစ်၊ ၉ လအတွင်း ရုရှားခတ်မြေဩဇာ မက်ထရစ်တန်ချိန် ၃.၄ သန်းကို အိန္ဒိယသို့ တင်ပို့ခဲ့ပြီး ယင်းဈေးကွက်တွင် ရုရှား၏ဝေစုသည် ၂၈ ရာခိုင်နှုန်းအထိ တိုးမြင့် လာခဲ့ကြောင်း ရုရှား ခတ်မြေဩဇာထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌ Mr. Andrey Guryev က ကုန်သွယ်ရေး၊ စီးပွားရေး၊ သိပ္ပံ၊ နည်းပညာနှင့် ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ရုရှား-အိန္ဒိယ အစိုးရအချင်းချင်း ကော်မရှင်အစည်းအဝေးတွင် ပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ်တွင် အိန္ဒိယမှ ရုရှားခတ်မြေဩဇာ တန်ချိန် ၅.၄ သန်းကျော်ကို တင်သွင်းခဲ့ပြီး အိန္ဒိယခတ်မြေဩဇာတင်သွင်းမှုတွင် ရုရှား၏ ဝေစုသည် ၂၅ ရာခိုင်နှုန်းရှိကြောင်း သိရှိရသည်။ အိန္ဒိယဈေးကွက်သည် ရုရှားအတွက် စိတ်ဝင်စားစရာကောင်းသည့် ဈေးကွက်ဖြစ်ပြီး ဆက်လက်၍ တင်ပို့မှုတိုးမြှင့်လာရန် အလားအလာများ ရှိနေကြောင်း Mr. Andrey Guryev က ပြောကြားခဲ့သည်။

ရုရှားခတ်မြေဩဇာသည် အိန္ဒိယအတွက် အဓိကအရင်းအမြစ်တစ်ခုဖြစ်ကြောင်း၊ ယင်း အပြင် ရေနံစိမ်း၊ ကျောက်မီးသွေးနှင့် ယူရေနီယမ် အရင်းအမြစ်များသည်လည်း အလွန်အရေးပါ ကြောင်း၊ တစ်ဖက်တွင်လည်း အိန္ဒိယ၏ ဆေးဝါးလုပ်ငန်းသည် ရုရှားအတွက် ယုံကြည်စိတ်ချရသော အရင်းအမြစ်တစ်ခုဖြစ်ကြောင်း၊ ယင်းကြောင့် ရုရှားနှင့်အိန္ဒိယ နှစ်နိုင်ငံကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံသို့ ရည်မှန်းထားသည့် ၂၀၃၀ ခုနှစ်မတိုင်မီတွင် စော၍ ရောက်ရှိမည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး Dr. Subrahmanyam Jaishankar က အဆိုပါကော်မရှင် အစည်းအဝေးတွင် ပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ်တွင် နှစ်နိုင်ငံကုန်သွယ်မှုပမာဏသည် ကန်ဒေါ်လာ ၆၅ ဘီလီယံခန့်ရှိခဲ့ပြီး ၂၀၂၄ ခုနှစ်၊ ဇူလိုင်လတွင် မော်စကိုမြို့၌ ရုရှား-အိန္ဒိယ ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပြီးနောက် ၂၀၃၀ ခုနှစ်တွင် နှစ်နိုင်ငံကြားကုန်သွယ်မှုပမာဏ ဒေါ်လာ ၁၀၀ ဘီလီယံ ရရှိရန် ရည်မှန်းချက် ချမှတ်ခဲ့ကြောင်း သိရသည်။

၂၀၂၄ ခုနှစ်တွင် ရုရှားနိုင်ငံ၏ ခတ်မြေဩဇာထုတ်လုပ်မှုသည် မက်ထရစ်တန်ချိန် ၆၄ သန်း ခန့်အထိ ၉ ရာခိုင်နှုန်း မြင့်တက်လာရန် မျှော်မှန်းထားပြီး ပြည်ပသို့ တင်ပို့မှုလည်း တိုးတက်လာမည် ဖြစ်ကြောင်း ခန့်မှန်းထားသည်။ ရုရှားခတ်မြေဩဇာအဓိက တင်သွင်းသော နိုင်ငံများမှာ ဘရာဇီး၊

Agribusiness & Trade

အိန္ဒိယ၊ အမေရိကန်၊ တရုတ်၊ မက္ကဆီကို၊ အင်ဒိုနီးရှား၊ တူကီယဲ၊ ပြင်သစ်၊ ဂျာမနီ၊ မလေးရှား စသည့် နိုင်ငံများကြောင်း သိရသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကို

Source : https://www.interfax.ru/business/991300

........................................................................................................

## တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုသည် ပိုမိုနိုင်မာသော စီးပွားရေးအရှိန် အဟုန်ကို ပြသလျက်ရှိ

တရုတ်နိုင်ငံသည် စီးပွားရေးတိုးတက်မှုကို အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိသောကြောင့် စီးပွားရေးပိုမိုအားကောင်းလာကာ ပြီးခဲ့သည့်လတွင် တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုသည် အရှိန်အဟုန်ဖြင့် မြင့်တက်လာခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံ၏ ကုန်စည်တင်ပို့မှုနှင့်တင်သွင်းမှုစုစုပေါင်းသည် အောက်တိုဘာလတွင် တစ်နှစ်ထက်တစ်နှစ် (၄.၆)ရာခိုင်နှုန်းတိုးလာပြီး စက်တင်ဘာလကထက် (၀.၇)ရာခိုင်နှုန်းတိုး တက်လာခဲ့ကြောင်း တရုတ်နိုင်ငံအကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (General Administration of Customs-GAC) မှ ထုတ်ပြန်သည့် အချက်အလက်များအရ သိရှိရပါသည်။

ပထမ (၁၀)လအတွင်း တရုတ်နိုင်ငံ၏ ကုန်စည်ကုန်သွယ်မှုသည် လွန်ခဲ့သည့်နှစ်ကထက် (၅.၂)ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ယွမ် (၃၆.၀၂)ထရီလီယံ (အမေရိကန်ဒေါ်လာ ၅ ထရီလီယံခန့်) ရှိကာ ပို့ကုန်သည် (၆.၇)ရာခိုင်နှုန်းနှင့် သွင်းကုန်သည်(၃.၂) ရာခိုင်နှုန်း အသီးသီးမြင့်တက်လာခဲ့ကြောင်း၊ ကုန်သွယ်မှု ပိုငွေပြမှုသည် ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း ယွမ်(၅.၅၈) ထရီလီယံရှိခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် (၁၇.၆)ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသည် အရည်အသွေးမြှင့်တင်ရန်နှင့် ကုန်သွယ်မှုပမာဏတည်ငြိမ်စေရန်ဆိုသည့် နိုင်ငံခြားကုန်သွယ်မှု ပန်းတိုင်ကို အရောက်လှမ်းနိုင်ခဲ့ကြောင်း GAC ၏ စာရင်းအင်းနှင့် ခွဲခြမ်းစိတ်ဖြာမှုဌာန ဒါရိုက်တာ Lyu Daliang က ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

အာဆီယံသည် တရုတ်နိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်အဖြစ် ဆက်လက်ရပ်တည်နေပြီး ပထမ(၁၀)လအတွင်း ကုန်သွယ်မှုတန်ဖိုးမှာ ယွမ် (၅.၆၇)ထရီလီယံရှိကာ တစ်နှစ်ထက်တစ်နှစ်

(၈.၈)ရာခိုင်နှုန်း မြင့်တက်လာကာ တရုတ်နိုင်ငံ၏ စုစုပေါင်းနိုင်ငံခြား ကုန်သွယ်မှုပမာဏ၏ (၁၅.၇) ရာခိုင်နှုန်းရှိကြောင်း၊ ဥရောပသမဂ္ဂနှင့် ကုန်သွယ်မှုတန်ဖိုးသည် ယွမ် (၄.၆၄)ထရီလီယံ၊ အမေရိကန်နှင့် ယွမ် (၄.၀၁)ထရီလီယံနှင့် ကိုရီးယားသမ္မတနိုင်ငံနှင့် ယွမ်(၁.၉၁)ထရီလီယံ အသီးသီးရှိခဲ့ကြောင်း သိရှိရပါသည်။

ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း(Belt and Road Initiative)တွင် ပါဝင်သည့် နိုင်ငံများနှင့် တရုတ်နိုင်ငံတို့အကြား ကုန်သွယ်မှုသည် ပထမ(၁၀)လအတွင်း ယွမ်(၁၆.၉၄)ထရီလီယံရှိပြီး ယခင်နှစ်ကထက် (၆.၂)ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း၊ အခြား RCEP နှင့် BRICS နိုင်ငံများနှင့် ကုန်သွယ်မှုမှာ (၄.၃)ရာခိုင်နှုန်းနှင့် (၄.၅) ရာခိုင်နှုန်း အသီးသီးမြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါကာလအတွင်း တရုတ်ကုမ္ပဏီပေါင်း (၁၇၈,၀၀၀)ခန့်သည် လက်တင်အမေရိကနှင့် ကုန်သွယ်မှုဆောင်ရွက်ခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် (၆.၉)ရာခိုင်နှုန်း တိုးလာကြောင်းနှင့် တရုတ်နှင့် လက်တင်အမေရိကတို့အကြား ကုန်သွယ်မှုသည် (၉.၁)ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း သိရှိရပါသည်။

စက်မှုနှင့်လျှပ်စစ်ထုတ်ကုန်များသည် တရုတ်နိုင်ငံ၏ ပို့ကုန်စုစုပေါင်း၏ (၆၀)ရာခိုင်နှုန်းနီးပါးရှိကြောင်း၊ အထူးသဖြင့် ပထမ(၁၀)လအတွင်း အလိုအလျောက် ဒေတာစီမံဆောင်ရွက်ပေးသည့်စက်ကိရိယာများနှင့် အစိတ်အပိုင်းများ တင်ပို့မှုသည် တစ်နှစ်ထက်တစ်နှစ် (၁၀.၉) ရာခိုင်နှုန်းတိုးလာကာ integrated circuits များတင်ပို့မှုသည် (၂၁.၄)ရာခိုင်နှုန်း တိုးလာပြီး မော်တော်ယာဉ်များ တင်ပို့မှုသည် (၂၀)ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါကာလအတွင်း တရုတ်နိုင်ငံ၏ သံရိုင်း၊ ကျောက်မီးသွေးနှင့် သဘာဝဓာတ်ငွေ့ တင်သွင်းမှုသည် ပမာဏအားဖြင့် တိုးတက်လာပြီး ရေနံစိမ်းတင်သွင်းမှု အနည်းငယ်ကျဆင်းသွားခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုသည် ယခုနှစ်တွင် ခန့်မှန်းချက်ထက် ကျော်လွန်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ တက်ကြွသောကုန်ထုတ်လုပ်ငန်းများနှင့် အိမ်ခြံမြေရောင်းချရမှုများနှင့်အတူ အောက်တိုဘာလတွင် ကုန်သွယ်မှုတိုးတက်ခြင်းများသည် စီးပွားရေးကောင်းမွန်လာမှုကို သက်သေပြနေပြီး အဓိကအားဖြင့် အစိုးရ၏ တိုးတက်မှုလိုလားသော အစီအမံများကြောင့်ဖြစ်ကြောင်း သိရှိရပါသည်။

Agribusiness & Trade

တရုတ်နိုင်ငံသည် စီးပွားရေးကို မြှင့်တင်ရန် မူဝါဒများ ဆက်တိုက်ချမှတ်ခဲ့ကြောင်း၊ အထူးသဖြင့် စက်တင်ဘာလနှောင်းပိုင်းမှစတင်၍ ဗဟိုအစိုးရသည် အပြန်အလှန်ထိန်းကျောင်း ချိန်ညှိမှုများမြှင့်တင်ရန်၊ ထိရောက်သောပြည်တွင်းဝယ်လိုအားကို တိုးချဲ့ရန်၊ စီးပွားရေးလုပ်ငန်းများကို ပံ့ပိုးပေးရန်၊ အိမ်ခြံမြေဈေးကွက် ပြန်လည်ဦးမော့လာစေရန်နှင့် အရင်းအနှီးဈေးကွက်များ အားကောင်းလာစေရန် အဓိကထားသည့် မက်ခရိုစီးပွားရေးအစီအမံများကို ချမှတ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်းမြို့

Source: https://english.news.cn/20241107/31042945938049458ea65788cd055096/c.html

........................................................................................................

**အီးယူက တရုတ်နိုင်ငံထုတ် EV များအပေါ် အခွန်စည်းကြပ်ပြီးနောက် တရုတ်နှင့် ဥရောပသမဂ္ဂတို့အကြား ဈေးနှုန်းညှိနှိုင်းမှုဆောင်ရွက်ခဲ့**

ဥရောပကော်မရှင်က တရုတ်နိုင်ငံမှ ထုတ်လုပ်သော လျှပ်စစ်ကားများကို တင်သွင်းခွန် (၃၆.၃)ရာခိုင်နှုန်းအထိ စည်းကြပ်ရန် မကြာသေးမီက ကြေညာခဲ့ပြီးနောက် တရုတ်နှင့် ဥရောပတို့အကြား ပြီးခဲ့သည့် သီတင်းပတ်တွင် ဈေးနှုန်းကတိကဝတ်ညှိနှိုင်းမှုကို ပေကျင်းမြို့၌ ပြုလုပ်ခဲ့ကြကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ၇-၁၁-၂၀၂၄ ရက်နေ့တွင် ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

ဈေးနှုန်းကတိကဝတ်ဆိုသည်မှာ နှစ်ဦးနှစ်ဘက် အပြန်အလှန်လက်ခံနိုင်သော အနိမ့်ဆုံးပို့ကုန်ဈေးနှုန်းကို ဆုံးဖြတ်ရန် နှစ်ဦးနှစ်ဘက် တန်းတူညီတူ ညှိနှိုင်းခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ဥရောပမှ ကိုယ်စားလှယ်အဖွဲ့သည် ပေကျင်းမြို့သို့ နိုဝင်ဘာလ (၂)ရက်နေ့တွင် ရောက်ရှိခဲ့ပြီး လက်တွေ့ကျ၍ မျှတသောမူများကို အခြေခံပြီး ဈေးနှုန်းကတိကဝတ်အစီအစဉ်ပါ အသေးစိတ်အချက်များကို နှစ်ဖက်အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြောင်း ဝန်ကြီးဌာနက ပေကျင်းတွင် ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

အောက်တိုဘာလ (၂၅)ရက်နေ့တွင် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Wang Wentao သည် ဥရောပကော်မရှင် အမှုဆောင်ဒုတိယဥက္ကဋ္ဌနှင့် ကုန်သွယ်ရေးကော်မရှင်နာ Valdis Dombrovskis

Agribusiness Trade

နှင့် ဗီဒီယိုကွန်ဖရင့်မှတစ်ဆင့် ဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်း၊ နှစ်ဖက်စလုံးက တွေ့ဆုံဆွေးနွေးမှုများမှတစ်ဆင့် ကွဲလွဲမှုများကို ဖြေရှင်းရန်ဆန္ဒရှိကြောင်းကို ထပ်လောင်းပြောကြားခဲ့ပြီး ဈေးနှုန်းကတိကဝတ်အစီအစဉ်များသည် လက်ရှိအခြေအနေအတွက် ဖြေရှင်းရန်နည်းလမ်းအဖြစ် ဆက်လက်ရှိနေမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်းမြို့

Source: https://www.chinadaily.com.cn/a/202411/07/WS672c9dc7a310f1265a1cc1b8.html

## ၂၀၂၄ ခုနှစ်၊ ပထမ (၁၀)လအတွင်း တရုတ်နှင့် APEC အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှုသည် ယွမ် (၂၁)ထရီလီယံကျော်အထိ စံချိန်တင် မြင့်မားခဲ့

တရုတ်နှင့် အာရှ-ပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု (APEC)အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှုသည် ၂၀၂၄ ခုနှစ်၊ ပထမ (၁၀)လတွင် ယွမ် (၂၁)ထရီလီယံ(အမေရိကန်ဒေါ်လာ ၂.၉၁ ထရီလီယံ)သို့ ရောက်ရှိခဲ့ပြီး ၎င်းတို့၏ နက်ရှိုင်းသော စီးပွားရေးပေါင်းစည်းမှုနှင့် ခိုင်မာသော ကုန်သွယ်မှုများကို ပြသနိုင်ခဲ့ကြောင်း သိရသည်။

တရုတ်အကောက်ခွန်ဌာန၏ အချက်အလက်များအရ APEC အဖွဲ့နိုင်ငံများနှင့် ကုန်သွယ်မှုသည် တရုတ်နိုင်ငံ၏ စုစုပေါင်းကုန်သွယ်မှု၏ (၅၉.၁)ရာခိုင်နှုန်းရှိပြီး တစ်နှစ်ထက်တစ်နှစ် (၅.၇) ရာခိုင်နှုန်းတိုးလာကာ တရုတ်နိုင်ငံ၏ စုစုပေါင်းကုန်သွယ်မှုတိုးတက်မှုနှုန်းထက် (၀.၅)ရာခိုင်နှုန်း ကျော်လွန်နေကြောင်း သိရသည်။

APEC အဖွဲ့ဝင်နိုင်ငံများအနက် ဗီယက်နမ်၊ ပီရူးနှင့် မလေးရှားတို့နှင့် ကုန်သွယ်မှုတိုးတက်မှုနှုန်းမှာ (၁၀)ရာခိုင်နှုန်း ကျော်လွန်ခဲ့ပြီး ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသနှင့် ထိုင်ဝမ်တို့နှင့် ကုန်သွယ်မှုသည် (၁၁.၃)ရာခိုင်နှုန်းနှင့် (၁၁)ရာခိုင်နှုန်း အသီးသီးတိုးတက်ခဲ့ကြောင်း သိရသည်။

တစ်ဝက်တစ်ပျက်ကုန်ချောများသည် APEC အဖွဲ့ဝင်နိုင်ငံများသို့ တရုတ်နိုင်ငံ၏ အဓိကပို့ကုန်များဖြစ်ပြီး ပထမ(၁၀)လအတွင်း ယွမ်(၅.၅၆)ထရီလီယံရှိခဲ့ပြီး (၈.၄)ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ Electronic components၊ auto parts နှင့် display modules များ တင်ပို့မှုသည် သိသိ

သာသာ တိုးတက်လာကြောင်း၊ အထည်အလိပ်၊ သစ်သီးဝလံနှင့် ခရီးသည်တင်ယာဉ်များအပါအဝင် လူသုံးကုန်ပစ္စည်းများ တင်ပို့မှုမှာလည်း သိသိသာသာ တိုးတက်လာခဲ့ကြောင်း သိရသည်။

သွင်းကုန်အနေဖြင့် APEC အဖွဲ့ဝင်နိုင်ငံများမှ တရုတ်နိုင်ငံသို့ တင်သွင်းမှု၏ (၈၀)ရာခိုင်နှုန်း ကျော်သည် စက်ယန္တရားများ၊ စွမ်းအင်ထုတ်ကုန်များနှင့် သတ္တုရိုင်းများအပါအဝင် တစ်ဝက်တစ် ပျက်ကုန်ချောပစ္စည်းများဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ ကုန်ထုတ်လုပ်မှုနှင့် အရည်အသွေးမြင့် ဖွံ့ဖြိုးတိုးတက်မှုများသည် APEC နိုင်ငံ များအတွက် ကုန်သွယ်မှုနှင့် စီးပွားရေးအခွင့်အလမ်းများကို ပိုမိုဖန်တီးပေးနိုင်ပြီး ဒေသတွင်းပေါင်း စည်းမှုနှင့် သာယာဝပြောရေးကို မြှင့်တင်ပေးကြောင်း ကျွမ်းကျင်သူများက ပြောကြားခဲ့သည်ဟု သိရသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်းမြို့
Source: en.people.cn/n3/2024/1113/c90000-20241236.html

## ရုရှားနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အလုပ်သမားများ လိုအပ်နေကြောင်း ရုရှားသမ္မတ ပြောကြား

ရုရှားနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်သမားများ လိုအပ်နေပြီး အလုပ် သမားအင်အား မလုံလောက်မှုသည် နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိက အတားအဆီး တစ်ခုဖြစ်နေကြောင်း ရုရှားသမ္မတ ဗလာဒီမီယာပူတင် က ပြောကြားခဲ့သည်။

လက်ရှိတွင် နိုင်ငံသည် သမိုင်းကြောင်းအရ အနိမ့်ဆုံး အလုပ်လက်မဲ့နှုန်း ၂.၄ ရာခိုင်နှုန်းတွင် ရှိနေပြီး နိုင်ငံအတွင်း အလုပ်လက်မဲ့ဦးရေ မရှိသလောက်ဖြစ်နေကြောင်း၊ လုပ်သားအင်အားရှားပါးမှု ရှိနေပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်သားများ လိုအပ်နေကြောင်း၊ လုပ်သားအင်အား ရှားပါးမှုသည် နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ယနေ့တွင် အဓိကအတားအဆီးများထဲမှ တစ်ခုဖြစ်ကြောင်း သမ္မတက ပြောကြားခဲ့ခြင်း ဖြစ်သည်။

ရုရှားဖက်ဒရယ်စာရင်းအင်းဌာန(Rosstat)၏ အချက်အလက်များအရ နိုင်ငံတွင်း အလုပ် လက်မဲ့နှုန်းသည် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလတွင် သမိုင်းဝင်အနိမ့်ဆုံးအဆင့် ၂.၄ ရာခိုင်နှုန်းတွင်

ရှိနေကြောင်း သိရသည်။ ယင်းကြောင့် ရုရှားသည် ဆောင်းဦးရာသီအစတွင် G20 နိုင်ငံ၌ အလုပ်လက်မဲ့အနည်းဆုံးနိုင်ငံ ဖြစ်လာခဲ့သည်။

လက်ရှိတွင် ရုရှားနိုင်ငံ၌ အလုပ်လက်မဲ့နှုန်းသည် အနိမ့်ဆုံးသို့ ရောက်ရှိနေပြီး ကုန်ထုတ်လုပ်မှုကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ စက်ရုံလုပ်ငန်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် လုပ်သားအင်အားမလုံလောက်မှုကို ကြုံတွေ့နေရသဖြင့် အဆိုပါလုပ်ငန်းများတွင် လိုအပ်သောအလုပ်သမားများ ဖြည့်ဆည်းပေးနိုင်ရေး မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများနှင့် ဖော်ရွေသောနိုင်ငံများမှ ရုရှားနိုင်ငံသို့ ခေါ်ယူခန့်အပ်နိုင်ရေး ရုရှား အလုပ်သမားအေဂျင်စီများမှတစ်ဆင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကို

Source : https://ria.ru/20241107/putin-1982528888.html

……………………………………………………………………………………………

## ရုရှားရှိ "Etalon" ကုမ္ပဏီအုပ်စုသည် မြန်မာနှင့် ဗီယက်နမ်တို့မှ ဆောက်လုပ်ရေးသမားများကို ခေါ်ယူရန် စီစဉ်လျက်ရှိ

ရုရှားနိုင်ငံရှိ "Etalon" ကုမ္ပဏီအုပ်စုသည် မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့မှ ဆောက်လုပ်ရေးသမားများကို ၎င်း၏ဆောက်လုပ်ရေးလုပ်ငန်းခွင်နေရာများသို့ ခေါ်ယူရန် စီစဉ်နေကြောင်း ယင်းကုမ္ပဏီ၏ ဒုတိယအကြီးအကဲ Mr. Mikhail Margelov က ပြောကြား ခဲ့သည်။

"Etalon" ကုမ္ပဏီအုပ်စုသည် ရုရှားဆောက်လုပ်ရေးဈေးကွက်တွင် လွတ်လပ်သော ဓနသဟာယနိုင်ငံများအဖွဲ့(Commonwealth of Independent States-CIS) မဟုတ်သော နိုင်ငံခြားမှ ဝန်ထမ်းများကို ခေါ်ယူရန် ရည်ရွယ်ထားသော ကုမ္ပဏီများထဲမှ ပထမဆုံးကုမ္ပဏီ တစ်ခုဖြစ်ပြီး လက်ရှိတွင် မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့မှ အကြီးမားဆုံး developer များနှင့် ဖက်စပ်လုပ်ငန်းများ ထူထောင်ရန် နောက်ဆုံးအဆင့် ညှိနှိုင်းနေကြောင်း Mr. Mikhail Margelov က ပြောကြားခဲ့သည်။

ဝန်ထမ်းအင်အားပြတ်လပ်မှုသည် စီးပွားရေးကဏ္ဍအားလုံးနီးပါးတွင် ကြုံတွေ့နေရသော်လည်း အထူးသဖြင့် ဆောက်လုပ်ရေးကဏ္ဍတွင် ပိုမိုပြင်းထန်သည်ဟု ကုမ္ပဏီ၏ ဒုတိယဥက္ကဋ္ဌက အလေးပေးပြောကြားခဲ့သည်။

"Etalon" ကုမ္ပဏီအုပ်စုသည် ရုရှားနိုင်ငံ၏ ဒေသအများအပြားတွင် အိမ်ခြံမြေ စီမံခန့်ခွဲမှုနှင့် ဆောက်လုပ်ရေးလုပ်ငန်းများကို ဆောက်ရွက်လျက်ရှိကြောင်း သိရသည်။

လက်ရှိ ရုရှားဆောက်လုပ်ရေးလုပ်ငန်းများတွင် ဝန်ထမ်းအင်အား ပြတ်လပ်မှုသည် သိသိသာသာရှိနေကြောင်း၊ ၂၀၂၃ ခုနှစ်အကုန်တွင် ဆောက်လုပ်ရေးလုပ်ငန်းသည် ကုန်သွယ်မှုလုပ်ငန်း၊ သတ္တုလုပ်ငန်းနှင့် စက်မှုအင်ဂျင်နီယာလုပ်ငန်းများပြီးနောက် ဝန်ထမ်းရှားပါးမှုသည် စတုတ္ထနေရာတွင် ရှိနေကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းတွင် အထူးသဖြင့် ကွန်ကရစ်အလုပ်သမားမှ အချောသပ်ပြုလုပ်သည်အထိ ဆောက်လုပ်ရေးသမားများ ရှားပါးလာကြောင်း ရုရှားဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း၏ ဥက္ကဋ္ဌ Mr. Anton Glushkov က (၁၈) ကြိမ်မြောက် မော်စကိုအိမ်ခြံမြေဈေးကွက်ဖိုရမ်တွင် ပြောကြားခဲ့သည်။

ဆောက်လုပ်ရေးလုပ်ငန်းတွင် လုပ်သားများ ရှားပါးလာမှုကြောင့် ကွန်ကရစ်သမားများ၊ တပ်ဆင်သူများနှင့် ဂဟေဆော်သူများ၏ လုပ်ခလစာသည် ၃၅ ရာခိုင်နှုန်းအထိ တိုးလာကြောင်း အိမ်ခြံမြေကျွမ်းကျင်သူများက ပြောကြားသည်။

ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် လုပ်သားအင်အား စုစုပေါင်း ၁၂ သန်းခန့် အလုပ် လုပ်ကိုင်လျက်ရှိကြောင်း ရုရှားဆောက်လုပ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။ ရုရှားအစိုးရ၏ ခန့်မှန်းချက်အရ ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် အလုပ်သမား ၂၀၀,၀၀၀ ခန့် ဝန်ထမ်းပြတ်လပ်မှု ရှိနေကြောင်း သိရသည်။

ရုရှားနိုင်ငံသည် လပေါင်းများစွာကြာအောင် စံချိန်တင် အလုပ်လက်မဲ့နှုန်းကို ကြုံတွေ့နေရပြီး ဝန်ထမ်းရှားပါးမှုသည် နှစ်အနည်းငယ်အတွင်း ဆက်ရှိနေမည်ဖြစ်သည်။ လက်ရှိတွင် အလုပ်လက်မဲ့နှုန်းသည် ၂.၄ ရာခိုင်နှုန်းတွင် ရှိနေပြီး ၂၀၂၅ မှ ၂၀၂၇ ခုနှစ်ထိ ၂.၆ ရာခိုင်နှုန်းရှိမည်ဟု ရုရှားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက ခန့်မှန်းထားသည်။

CIS နိုင်ငံများမှ မိရိုးဖလာရွှေ့ပြောင်းအလုပ်သမားများ ခေါ်ယူခြင်းသည် ပိုမိုခက်ခဲလာပြီး တစ်ဖက်တွင်လည်း ပိုမိုဈေးကြီးလာခြင်းကြောင့် အာရှနှင့် အာဖရိကတို့သည် ရုရှားနိုင်ငံအတွက် အလားအလာရှိသော လုပ်သားအရင်းအမြစ် ဖြစ်လာခဲ့သည်။

အချက်အလက်များအရ ၂၀၂၂ ခုနှစ်တွင် နိုင်ငံပေါင်း ၈၁ နိုင်ငံမှ လုပ်သားများသည် ရုရှားတွင် အလုပ်လုပ်ခဲ့ကြသည်။

Agribusiness & Trade

လက်ရှိတွင် ရုရှားဆောက်လုပ်ရေးလုပ်ငန်းခွင်များ၌ လုပ်သားအင်အားရှားပါးမှုကို ဖြေရှင်းနိုင်ရန် မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများနှင့် ဖော်ရွေသောနိုင်ငံများမှ ရုရှားနိုင်ငံသို့ ခေါ်ယူခန့်အပ်နိုင်ရေး ရုရှားအလုပ်သမားအေဂျင်စီများမှတစ်ဆင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး

မော်စကို

Source : https://realty.ria.ru/20241111/etalon-1983058335.html

## ရုရှားနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုပိုငွေသည် ၉ လအတွင်း ကန်ဒေါ်လာ ၁၁၄.၉ ဘီလီယံအထိ မြင့်တက်

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ စက်တင်ဘာလအထိ ရုရှားနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုပိုငွေသည် ၂၀၂၃ ခုနှစ်၊ အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၁၁.၅၅ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၁၄.၉ ဘီလီယံအထိ ရရှိခဲ့ကြောင်း ရုရှားဖက်ဒရယ် အကောက်ခွန်ဝန်ဆောင်မှုဌာန(Federal Customs Service - FCS)၏ အချက်အလက်များ အရ သိရှိရသည်။

အစီရင်ခံကာလအတွင်း ပို့ကုန်ပမာဏသည် တန်ဖိုးအမေရိကန်ဒေါ်လာ ၁.၃ ဘီလီယံ တိုးတက်လာပြီး ဒေါ်လာ ၃၁၈.၂ ဘီလီယံသို့ ရောက်ရှိခဲ့ကာ သွင်းကုန်သည် ဒေါ်လာ ၁၀.၆ ဘီလီယံ ကျဆင်းခဲ့ပြီး ဒေါ်လာ ၂၀၃.၃ ဘီလီယံသို့ ရောက်ရှိခဲ့သည်။ ထို့ကြောင့် ရုရှားနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုပမာဏသည် ဒေါ်လာ ၅၂၁.၅ ဘီလီယံ ရှိခဲ့ပြီး ၂၀၂၃ ခုနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၁.၇၅ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

ရုရှားမှ ဥရောပနိုင်ငံများသို့ တင်ပို့မှုသည် တန်ဖိုးဒေါ်လာ ၅၀.၁ ဘီလီယံရှိကာ ၂၄.၃၂ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ဥရောပနိုင်ငံများမှ တင်သွင်းမှုသည် ဒေါ်လာ ၅၄.၂ ဘီလီယံရှိကာ ၈.၇၅ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ တစ်ချိန်ထဲတွင် အာရှနိုင်ငံများသို့ တင်ပို့မှုသည် ဒေါ်လာ ၂၄၀.၃ ဘီလီယံ ရှိကာ ၆.၄၂ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး တင်သွင်းမှုသည် ဒေါ်လာ ၁၃၅.၆ ဘီလီယံရှိကာ ၃.၁၄ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

အာဖရိကနိုင်ငံများသို့ ရုရှားတင်ပို့မှုမှာ ဒေါ်လာ ၁၈.၄ ဘီလီယံရှိကာ ၁၇.၉၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး တင်သွင်းမှုမှာ ဒေါ်လာ ၂.၅ ဘီလီယံရှိကာ ၃.၈၅ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ မြောက်နှင့်လက်တင်အမေရိကနိုင်ငံများသို့ ရုရှားတင်ပို့မှုသည် ဒေါ်လာ ၉.၂ ဘီလီယံရှိကာ ၁.၁ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ယင်းနိုင်ငံများမှ တင်သွင်းမှုသည် ဒေါ်လာ ၁၀.၅ ဘီလီယံရှိကာ ၇.၈၉ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

ရုရှား၏ အဓိကပို့ကုန်မှာ တွင်းထွက်ပစ္စည်း၊ သတ္တုနှင့် သတ္တုထုတ်ကုန်၊ စိုက်ပျိုးရေးထုတ်ကုန်များဖြစ်ပြီး အဓိကသွင်းကုန်မှာ စက်ယန္တရား၊ စက်ကိရိယာ၊ မော်တော်ယာဉ်များ၊ ဓာတုဗေဒစက်မှုလုပ်ငန်းသုံးထုတ်ကုန်များ၊ စိုက်ပျိုးရေးထုတ်ကုန်များ ဖြစ်သည်။ FCS ၏ အချက်အလက်များအရ ရုရှားနိုင်ငံ၏ ဥရောပနိုင်ငံများနှင့် ကုန်သွယ်မှုပမာဏသည် သိသာစွာ ကျဆင်းလျက်ရှိပြီး အာရှနိုင်ငံများနှင့် ကုန်သွယ်မှုသည် မြင့်တက်လျက်ရှိကြောင်း သိရသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး

မော်စကို

Source : https://tass.ru/ekonomika/22370373

..........................................................................................................

**အိန္ဒိယနိုင်ငံ၏ အောက်တိုဘာလ လက်လီ ငွေကြေးဖောင်းပွမှုနှုန်းသည်**

**ဗဟိုဘဏ်၏ သည်းခံနိုင်မှု ကန့်သတ်ချက် (Tolerance limit) ကို ကျော်လွန်ဖွယ်ရှိ**

အိန္ဒိယနိုင်ငံတွင် စားသောက်ကုန်ဈေးနှုန်းများ ဆက်တိုက်မြင့်တက်မှုနှင့်အတူ ယမန်နှစ်က ရှိခဲ့သော အခြေခံဈေးနှုန်းများမြင့်တက်မှုအရှိန်ကြောင့် ယခုနှစ် အောက်တိုဘာလ၏ လက်လီ ငွေကြေးဖောင်းပွမှုသည် ၆ ဒသမ ၁၅ ရာခိုင်နှုန်းအထိ မြင့်တက်လာမည်ဟု ခန့်မှန်းထားသည်။ အိန္ဒိယဗဟိုဘဏ်၏ သည်းခံနိုင်မှုကန့်သတ်ချက် (Tolerance limit) ၅ ရာခိုင်နှုန်းကို ကျော်လွန်သွားဖွယ်ရှိကြောင်း သိရသည်။ အိန္ဒိယပြည်ထောင်စုဘဏ် (Union Bank of India) မှ ယခုလ ၁၁ ရက်နေ့ (တနင်္လာနေ့) တွင် ထုတ်ပြန်ရန် စီစဉ်ထားသော ငွေကြေးဖောင်းပွမှု အချက်အလက်များပါဝင်သော အစီရင်ခံစာတွင် အဆိုပါ ငွေကြေးဖေါင်းပွမှုနှုန်းအား မှတ်သားထားကြောင်း သိရသည်။ ပြီးခဲ့သည့် ဩဂုတ်လတွင် ငွေဖေါင်းပွမှု ၃ ဒသမ ၆၅ ရာခိုင်နှုန်းအထိ အနိမ့်ဆုံးကျဆင်းခဲ့ပြီးနောက်၊ အဓိကအားဖြင့် စားသောက်ကုန်စရိတ်များ မြင့်မားခြင်းကြောင့် စက်တင်ဘာလတွင် ၅ ဒသမ ၄၉ ရာခိုင်နှုန်းသို့ မြင့်တက်ကာ အောက်တိုဘာလတွင် ငွေဖေါင်းပွမှု ဆက်လက်မြင့်တက်ရန် မျှော်မှန်းထားခြင်း ဖြစ်သည်။

Agribusiness & Trade

အဆိုပါ ပြည်ထောင်စုဘဏ်၏ အစီရင်ခံစာတွင် အိန္ဒိယဗဟိုဘဏ်၏ မကြာသေးမီက ဘဏ်တိုးနှုန်းပြောင်းလဲရန် မူဝါဒသည် ငွေကြေးဖေါင်းပွမှုနှုန်းကို ထိန်းမထားနိုင်ကြောင်း မီးမောင်းထိုးပြထားသည်။ နိုဝင်ဘာလ၏ ငွေကြေးဖောင်းပွမှုနှုန်းသည် အတက်ဖက်သို့ ပြသနေသည့်အတွက် ဖိအားများ ဆက်တိုက်ဆိုသလို ရှိနေသည်ကို ညွှန်ပြလျက်ရှိသည်။ ထို့ကြောင့် လာမည့်ဒီဇင်ဘာလတွင် ဘဏ်တိုးနှုန်းလျှော့ချ ဖြတ်တောက်ဖွယ်မရှိပဲ လက်ရှိ ၆ ဒသမ ၅ ရာခိုင်နှုန်း အတိုင်းသာ ဆက်လက်ထားရှိကာလာမည့် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလမှ စတင်၍ အခြေခံ ၅၀ မှတ် (၀ ဒသမ ၅ ရာခိုင်နှုန်း) သို့ လျှော့ချဖွယ်ရှိကြောင်း အစီရင်ခံစာမှ ခန့်မှန်းဖော်ပြထားသည်။

မကြာသေးမီလများအတွင်း အထူးသဖြင့် ဟင်းသီးဟင်းရွက်နှင့် စားသုံးဆီကဲ့သို့ စားသောက်ကုန်ဈေးနှုန်းများ ပြန်လည်မြင့်တက်လာခဲ့ပြီး ငွေကြေးဖောင်းပွမှုကို သိသိသာသာမြင့်တက်စေခဲ့သည်။ လာမည့် ခါရစ် (မိုး) ရိတ်သိမ်းရာသီ သီးနှံထွက်ရှိမှုနှင့် ရာဘီ (ဆောင်း)ရာသီ သီးနှံစိုက်ပျိုးမှုတိုးတက်မှု အခြေအနေက စားသောက်ကုန် ဈေးနှုန်းပြောင်းလဲမှု အလားအလာကို ဆုံးဖြတ်ရာတွင် အရေးကြီးကြောင်း သိရသည်။ ဆောင်းရာသီ၌ ပုံမှန်အားဖြင့် ဈေးနှုန်းများ ကျဆင်းလာတတ်ပြီး ဆောင်းသီးနှံ အလားအလာများ တိုးတက်ကောင်းမွန်ဖွယ်ရှိသောကြောင့် ဇန်နဝါရီလမှ မတ်လအထိ သုံးလပတ်ကာလတွင် စားနပ်ရိက္ခာဖောင်းပွမှု သက်သာလာပြီး၊ ငွေဖေါင်းပွမှုကို ပိုမိုတည်ငြိမ်မှုရှိစေမည်ဟု အစီရင်ခံစာက ခန့်မှန်းထားသည်။

သို့သော် စားနပ်ရိက္ခာရောင်းလိုအား ကျဆင်းမှု၊ ပြည်ပမှတင်သွင်းလာသော စားသုံးဆီများဈေးနှုန်းကြီးမြင့်မှုတို့အပါအဝင် သွင်းကုန်ခွန်မြင့်မားမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးဆိုင်ရာကျယ်ပြန့်သော အကျိုးသက်ရောက်မှုများကြောင့် ငွေဖေါင်းပွမှု ဆက်လက်ဖြစ်ပေါ်နိုင်သည့် အခြေအနေများရှိနေကြောင်း သိရသည်။ မူဝါဒရေးဆွဲသူများအနေဖြင့် အဆိုပါ ထိခိုက်နိုင်ခြေများကို ဆက်လက်၍ အနီးကပ်စောင့်ကြည့်ထိန်းချုပ်ရန်လိုအပ်ပြီး၊ ဗဟိုဘဏ်မှရည်မှန်းထားသည့် ငွေကြေးဖေါင်းပွမှု ၄ ရာခိုင်နှုန်းသို့ ရောက်ရှိနိုင်ရန်မှာမူ စားသောက်ကုန်ဈေးနှုန်းကြီးမြင့်မှုကြောင့် အနှောင့်အယှက်ဖြစ်စေနိုင်သည်ဟု သိရသည်။ ဗဟိုဘဏ်အနေဖြင့် ယခုကဲ့သို့ ဖိအားများရှိနေသော်လည်း ဈေးနှုန်းများ တည်ငြိမ်ရန် တာဝန်ယူဆောင်ရွက်ရသည့်အတိုင်း ငွေဖေါင်းပွမှုဒဏ်ကို ကျားကန်ရန် ဘဏ်တိုးနှုန်းကို ဆက်လက်ထိန်းသိမ်းသွားရန် ရှိနေကြောင်း သိရသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

ရည်ညွှန်း။ The Trade Promotion Council of India, October retail inflation expected to breach RBI’s tolerance, Nov 11, 2024

…………………………………………………………………………………………………

Agribusiness & Trade

## အိန္ဒိယ MSME များအနေဖြင့် အပေါင်ပစ္စည်းတစ်စုံတစ်ရာမပါပဲ ငွေချေးငှားနိုင်တော့မည်

အိန္ဒိယ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) အနေဖြင့် မကြာမီ အပေါင်ပစ္စည်းတစ်စုံတစ်ရာမပါပဲ ငွေချေးငှားနိုင်တော့မည်ကြောင်း အိန္ဒိယနိုင်ငံဘဏ္ဍာရေးနှင့် သမဝါယမရေးရာဝန်ကြီးဌာန ဝန်ကြီး Nirmala Sitharaman က မကြာသေးမီက ကျင်းပပြုလုပ်ခဲ့သည့် အခမ်းအနားတစ်ခုတွင် ထုတ်ဖော်ပြောကြားခဲ့သည်။ ၎င်းတို့အနေဖြင့် အစိုးရပိုင်ဘဏ်များမှ ပြုလုပ်သော ငွေချေးငှားမှုဆိုင်ရာ အကဲဖြတ်ဆောင်ရွက်ချက်အသစ်မှ တစ်ဆင့် ရူပီး ၁၀၀ ကာရိုး (ကန်ဒေါ်လာ ၁၁ ဒသမ ၈၃ သန်းခန့်) အထိ အပေါင်ပစ္စည်းတစ်စုံတစ်ရာ တင်ပြရန်မလိုပဲ မကြာမီ ချေးငှားနိုင်တော့မည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ စတင်လိုက်သောချေးငွေအမျိုးအစားသည် ချေးငွေအာမခံအစီအစဉ်သစ်၏ တစ်စိတ်တစ်ပိုင်းဖြစ်ကာ ကာလရှည်ချေးငွေများ၊ စက်ရုံနှင့် စက်ပစ္စည်းများ ဝယ်ယူရာတွင် လိုအပ်သော ချေးငွေများရရှိရန် အခက်အခဲဖြစ်နေသော MSME များ ကူညီရန် ရည်ရွယ်ထားခြင်းဖြစ်ကြောင်း ယခုလ ၉ ရက်နေ့က Bengaluru တွင် ပြုလုပ်ခဲ့သော အမျိုးသား MSME အစုအဖွဲ့ဆိုင်ရာ အဝေးရောက် အစီအစဉ် (National MSME Cluster Outreach Programme) အစီအစဉ်တွင် ဝန်ကြီးက ရှင်းလင်း ပြောကြားခဲ့သည်။

အဆိုပါ အစီအစဉ်သစ်အရ MSME များအနေဖြင့် အပေါင်ပစ္စည်း သို့မဟုတ် တတိယအုပ်စု (third-party) မှ တာဝန်ခံမှုမပါဝင်ပဲ ပထမဦးဆုံးအကြိမ် ရူပီး ၁၀၀ ကာရိုးအထိ ချေးနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းစဉ်ကို လွယ်ကူချောမွေ့အောင် အစိုးရမှ ကျောထောက်နောက်ခံပြုပေးမည်ဖြစ်ကာ ဘဏ္ဍာငွေကြေးလိုအပ်နေသော MSME များ၏ အခက်အခဲကို သိသိသာသာလျှော့ပါးသက်သာစေရန် ကမ်းလှမ်းထားပါကြောင်း ၎င်းမှ အလေးပေးပြောကြားခဲ့သည်။ အကဲဖြတ်မှုစနစ်သစ်မှ ရရှိနိုင်သော အကျိုးကျေးဇူးနှင့်ပတ်သက်၍ ပြောကြားရာတွင် “ကျွန်မတို့ အနေဖြင့် ယခုဘက်ဂျက်ကာလမှာပဲ ဒီအကြောင်းကို ထုတ်ပြန်ကြေညာအပ်ပါတယ်။ ဘဏ်များက ချေးငွေအကဲဖြတ်မှုကိစ္စကို ၎င်းတို့ဘာသာ ဆောင်ရွက်မည်ဖြစ်ပြီး၊ ဘဏ်တစ်ခုချင်းစီတိုင်းမှာ သူတို့ပုံစံနဲ့သူတို့ ချေးငွေအကဲဖြတ်မှုပုံစံတွေရှိနေမှာ ဖြစ်ပါတယ်။”ဟု ဝန်ကြီးမှ ပြောကြားခဲ့သည်။

ပုဂ္ဂလိကကဏ္ဍနှင့် လက်တွဲပြီး အီလက်ထရောနစ်ကုန်သွယ်မှု အချက်အခြာနေရာများ (e-commerce trade hubs) ကို ထူထောင်သွားမည့်အကြောင်း၊ အဆိုပါ ပလက်ဖေါင်းများမှ

Agribusiness & Trade

အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးနှင့် ပို့ကုန်ဆိုင်ရာ ဝန်ဆောင်မှုတွေကို ပေးအပ်သွားမည်ဖြစ်ကြောင်း ဖော်ပြ ပြောကြားခဲ့သည်။ အဆိုပါ အချက်အခြာနေရာများက စက်မှုလက်မှုအစုအဖွဲ့ပေါင်း ၂၀ ကို အကျိုးပြု သွားမည်ဖြစ်ကြောင်း၊ ကာနတာကာပြည်နယ်ရှိ အငယ်စားစက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ် (Small Industries Development Bank of India -SIDBI) မှ အဆိုပါ ပြည်နယ်ရှိ MSME များကို ကူညီအားဖြည့်ပေးရန် ဘဏ်ခွဲ (၆) ခုကိုလည်း တည်ထောင်ဖွင့်လှစ်သွားမည်ဟု ပြောကြားခဲ့သည်။ SIDBI ဘဏ်ခွဲများအနေဖြင့် လတ်တလောတွင် ရူပီး ၁၁၆၉ ကာရိုး (၁၃၈ ဒသမ ၃၄ သန်း) ခန့်ကို ထုတ်ချေးထားပြီးဖြစ်ကာ လုပ်ဆောင်ချက် ရပ်တန့်နေသော ရပိုင်ခွင့်များ (non-performing assets -NPAs) မရှိသလောက်နည်းပါးကြောင်း သိရသည်။

MSME များကို တိုက်ရိုက်ဘဏ္ဍာငွေထောက်ပံ့ပေးမည့် ယခုခြေလှမ်းသစ်ကြောင့် ကာနာတကာပြည်နယ်မှ စက်မှုလက်မှုလုပ်ငန်းများ၏ စွမ်းဆောင်ရည်ကို ပိုမိုကောင်းမွန်စေယုံသာမက နိုင်ငံတစ်ဝှမ်းရှိလုပ်ငန်းများလည်း အကျိုးခံစားခွင့်ရရှိမည်ဖြစ်ကြောင်း ဝန်ကြီးက ပြောကြားခဲ့သည်။

သို့ပါ၍ မြန်မာ MSME များအနေဖြင့်လည်း အလားတူ အတိုးနှုန်းသက်သာပြီး၊ အပေါင်ပစ္စည်းတင်ပြရန် မလိုအပ်သော ချေးငွေများရရှိပါက စက်မှုလက်မှုလုပ်ငန်းများထူထောင်နိုင်ပြီး၊ စွမ်းဆောင်ရည်နှင့် ကုန်ထုတ်လုပ်မှုစွမ်းအားများ တိုးတက်လာမည်ဖြစ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး
ကော်လ်ကတ္တား

ရည်ညွှန်း။ The Trade Promotion Council of India, MSMEs to have access to collateral-free loans, Nov 11, 2024

…………………………………………………………………………………………………